## ကျွန်တော့်လိုပဲပေါ့

ဘေးအိမ်နဲ့ ကျွန်တော့်အိမ်က ပုံစံတူပါ။ တစ်နေ့မှာ ကျွန်တော့်အိမ်ကို ဆေးသုတ်ပါတယ်။ ချောကလက်နရောင်လေးပေါ့။ ကျွန်တော် ဆေးသုတ်အပြီးမှ ဘေးအိမ်က ကိုကြွက် လာစပ်စုပါတယ်။

ကျွန်တော်။ ။ လာ... ကိုကြွက်လာ... လက်ဖက်ရည်သောက်လေ။

ကိုကြွက် ။ ။ သောက်ပြီးပြီ သူငယ်ချင်း။ မင်းအိမ်ဆေးသုတ်တာ တော်တော်လှတာပဲ။ ဒါနဲ့ ဆေး ဘယ်နှဂါလံဝယ်ရလဲ။

ကျွန်တော်။ ။ ၁၀ ဂါလံ ဝယ်ရတယ် ကိုကြွက်။

ဒါနဲ့ ကိုကြွက်လည်း ပြန်သွားပြီး နောက်တစ်နေ့မှာ သူ့အိမ်ကို ဆေးသုတ်ပါတယ်။ ဆေးသုတ်အပြီးမှာ သူ ကျွန်တော့်အိမ် ရောက်လာပြန်ပါလေရော။



ကိုကြွက် ။ ။ ဟေး... သူငယ်ချင်း၊ မင်း ဝယ်တာ ဆေး ၁၀ ဂါလံဆို။

ကျွန်တော်။ ။ ဟုတ်တယ်လေ၊ ၁၀ ဂါလံလေ။

ကိုကြွက် ။ ။ အေး အဲဒါ ငါလည်း မင်းလို ၁၀ ဂါလံဝယ်တာ သုံးဂါလံတောင် ပိုနေတယ်။

ကျွန်တော်။ ။ ဟုတ်တယ်လေ၊ ခင်ဗျားက ကျွန်တော့်မေးတာ ဘယ်နှဂါလံဝယ်သလဲဆိုလို့ ၁၀ ဂါလံလို့ ပြောလိုက်တယ်။ ကျွန်တော်လည်း သုံးဂါလံ ပိုနေတာပဲ။

❖